# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
# ၁၉၆၈ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။
# [၁၉၆၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄။]
# ၁၃၃၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်။
# (၁၉၆၈ ခုနှစ်၊ စက်တဘာလ ၁၁ ရက်။)

အောက်ပါဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၈ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီနှင့် လက်အောက်ခံအဖွဲ့အစည်း အားလုံး၏ ရငွေ အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေသို့ ထည့်သွင်း၍၊ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံအဖွဲ့အစည်းအားလုံး၏ အသုံးစရိတ်အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ ဘဏ္ဍာရံပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ ။ (၁) ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၉ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံး သည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်းကျပ်ငွေ ခြောက်ရာကုဋေအထိ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ် များထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ ငွေ ချေးသောအခါ၊ မိမိသင့်သည် ထင်မြင်သည့်အတိုးနှုန်းများသတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန် ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်းပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေ တွင်ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့် ချေးငွေများအတွက် ပြန်ဆပ်ရန် ငွေရင်းနှင့် အတိုးကိုင်း၊ ကုန်ကျသည့် စရိတ်ငွေများကိုင်း တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှထုတ်ပေးရမည်။

၄။ ။ အောက်ပါဇယားတွင် ဖေါ်ပြရာပါ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဘဏ္ဍာရေးကော် မီတီနှင့် တာဝန်ခံ အသီးသီးသည်၊ မိမိနှင့်တပြေးတည်းဖေါ်ပြထားသော အသုံးစရိတ်များအတွက် ဆက် လက်၍ ဖေါ်ပြသည့် ငွေစုစုပေါင်းအထိ၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၈ ခုနှစ်၊ ၊ အောက်တိုဘာလ ၁ ရက်နေ့မှ၊ ၁၉၆၉ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့အထိကာလ အတွင်းသုံးစွဲနိုင်သည်။

| အမှတ်စဉ် | တာဝန်ခံ | အသုံးစရိတ်အမည် | စုစုပေါင်းငွေ | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ဘဏ္ဍာရေးကော်မီတီ။ | တော်လှန်ရေးကောင်စီ၏ အသုံးစရိတ်များ။ | ၅,၆၄,၉၃,၉၉၀ | နောက်ဆက်တွဲ ဇယား(က)။ |
| ၂ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံ။ | အစိုးရဌာနများနှင့် ဌာနခွဲများ၏အသုံးစရိတ်များ။ | ၁,၆၈,၇၅,၂၈,၅၅၀ | နောက်ဆက်တွဲ ဇယား(ခ)။ |
| ၃ | ရှမ်းပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏အသုံးစရိတ် များ။ | ၂,၈၅,၆၃,၆၇၀ | နောက်ဆက်တွဲ ဇယား(ဂ)။ |
| ၄ | ကချင်ပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏ အသုံးစ ရိတ်များ။ | ၁,၆၁,၈၂,၂၄၀ | နောက်ဆက်တွဲ ဇယား(ဃ)။ |
| ၅ | ကယားပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏ အသုံးစ ရိတ်များ။ | ၄၄,၁၃,၂၁၀ | နောက်ဆက်တွဲ ဇယား(င)။ |
| ၆ | ကော်သူးလေ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကော်သူးလေ၏ အသုံးစရိတ် များ။ | ၁,၀၇,၆၀,၁၂၀ | နောက်ဆက်တွဲ ဇယား(စ)။ |
| ၇ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံ။ | အစိုးရလက်အောက်ခံ ဘုတ်အ ဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအ ဖွဲ့အစည်းများ၏ အသုံးစရိတ် များ။ | ၆,၅၀,၄၅,၃၉,၀၀၀ | နောက်ဆက်တွဲ ဇယား(ဆ)။ |
| ၈ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာန | အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစ ရိတ်များ။ | ၇,၂၆,၈၂,၀၀၀ | နောက်ဆက်တွဲ ဇယား(ဇ)။ |

Myanmar Law Information System (MLIS)

| | | | | |
|---|---|---|---|---|
| | တာဝန်ခံ။ | | | |

(ပုံ) ဗိုလ်နေဝင်း

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်။

(၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး ကိုကို၊

အတွင်းဝန်၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရအဖွဲ့။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01နောက်ဆက်တွဲဇယား (က) တော်လှန်ရေးကောင်စီ၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲဇယား(ခ) အစိုးရဌာနများနှင့်ဌာနခွဲများ၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲဇယား (ဂ) ရှမ်းပြည်နယ်၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 နောက်ဆက်တွဲဇယား (ဃ) ကချင်ပြည်နယ်၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 နောက်ဆက်တွဲဇယား(င) ကယားပြည်နယ်၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 နောက်ဆက်တွဲဇယား (စ) ကော်သူးလေ၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 နောက်ဆက်တွဲဇယား (ဆ) အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်း များ၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 နောက်ဆက်တွဲဇယား (ဇ) အစိုးရလက်အောက်ခံဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

Myanmar Law Information System (MLIS)